Vol. 2 ., Issue 1

# The Strategy First Times

November 7, 2016 ၁၃၇၈ ခု၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့၊ တနင်္လာနေ့ နှစ်ပတ် / တစ်ကြိမ်




## EBS MBAတက်နေတဲ့ စီးပွားရေး လုပ်ငန်းရှင် ဦးကျော်လွင်ဦးနဲ့ တွေ့ဆုံခြင်း

ယခုတစ်ပတ်ရဲ့ **Strategy First Times** အနေနဲ့ MBA မဟာဘွဲ့သင်တန်း တက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ MBA သင်တန်းတက်ရောက်ဖြစ်ပုံတွေ၊ သင်တန်းတက်ဖို့ ပြင်ဆင်ထားခဲ့တာတွေ၊ အလုပ်အကိုင်အခြေအနေတွေ၊ လက်ရှိသင်တန်းတက်ရောက်ရာမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်ချက်တွေ၊ အလုပ်တာဝန်တွေနဲ့ သင်တန်းချိန်ကြားမှာ ဟန်ချက်ညီညီနဲ့ ကြိုးစားနေမှုတွေ၊ ဘဝအနာဂတ် ဘဝမျှော်မှန်းချက်တွေကို သိရှိနိုင်ဖို့ အင်တာဗျူး တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်တော့ Edinburgh Business School ရဲ့ MBA အတန်းမှာ တက်ရောက်နေသူ ဦးကျော်လွင်ဦးနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

စာ - ၈ သို့





Travel စာ - ၅ သို့

### တောင်ပေါ်ရှုခင်းများနဲ့ ဘားအံ - တောင်ဝိုင်းတောင်



TED Talk စာ - ၁၃ သို့

### Your Smartphone is a civil rights issue



**Strategy First Institute** နဲ့ AYA Bank ပူးပေါင်းပြီး ပညာရေးချေးငွေ ဝန်ဆောင်မှုပေးအပ်ဖို့ သဘောတူလက်မှတ်ရေးထိုးပွဲကျင်းပ စာ - ၁၂ သို့

# Edinburgh MBA Student Highlights


ဦးကျော်လွင်ဦး
Chairman
(EFR Group of Companies)


နန်းချမ်းမွန်
Director
(Imperial Silver Moon Trading Co., Ltd.)


ဟန်ဝင်းထွဋ်
Director (Sein Gay Har)


ပိုးစန္ဒီသန့်
Manager (Corporate Banking,
AYA Bank - Head Office)


သီဟညီညီ


ဒေါက်တာအိအိထွန်း
Director (Hexagon Medical Education Centre)


သီဟတင်မောင်အေး
Head of Digital Marketing
(MyanTel Holdings Ltd.)


နင်းအိထွေး
Executive Director
(Steel Stone Group of Companies)


အောင်ကျော်ဌေး
Senior Business Manager
(ACK & Co Services Co., Ltd.)


လင်းမြတ်ထွန်း
Director
(Petrol Star Co., Ltd.)


မေသက်နှင်း
Senior Business Manager
(ACK & Co Services Co., Ltd.)


ဒေါက်တာရဲရင့်မော်
Product Specialist (HER 2 Franchise
Roche Myanmar Company Limited.)

# Edinburgh MBA Student Highlights




































# Edinburgh MBA Student Highlights


နှင်းယုယုထွေး
Director (Sein Gay Har)


ထက်မြက်ဦး
Managing Director
(Khant Nyar Htut Co.,Ltd.)


နိုင်ရီဖြိုးဟန်
Medical Executive (Win Sammering Specialist
Clinic & Medical Check-up Center)

EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY

# Edinburgh Business School
## (Heriot-Watt University)

UK ရဲ့ထိပ်တန်းတက္ကသိုလ်ကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်တဲ့ Heriot Watt University ရဲ့ - Edinburgh Business School (EBS) မှ MBA နဲ့ MSc Program များကို မြန်မာနိုင်ငံမှာ တက်ရောက်ရယူနိုင်ရန်အတွက် **Strategy First Institute** မှာ သင်တန်းများပို့ချပေးလျက်ရှိပါတယ်။

၁၈၂၁ ခုနှစ်တည်းက စတင်ခဲ့တဲ့ Heriot-Watt University ဟာ UK မှာ (၉) ခုမြောက် သက်တမ်းအရင့်ဆုံး တက္ကသိုလ်တစ်ခုဖြစ်ပြီးတော့ ကမ္ဘာ့ထမဆုံး Mechanic's Institute အဖြစ်နဲ့စတင်ခဲ့တာဖြစ်ပါတယ်။ Heriot-Watt University ဟာ ၁၉၆၆ ခုနှစ်မှာ UK တက္ကသိုလ်တွေကိုပေးတဲ့ အမြင့်မားဆုံး အသိအမှတ်ပြုလက်မှတ် Royal Charter ကိုရခဲ့ပြီး သင်ကြားမှုအရည်အသွေးနဲ့ Research ပိုင်းဆိုင်ရာ အဆင့်အတန်းမြင့်မားမှုကြောင့်လည်း ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုခြင်း ခံထားရတဲ့ တက္ကသိုလ်တစ်ခုလည်းဖြစ်ပါတယ်။

UK နိုင်ငံရှိတက္ကသိုလ်များရဲ့အဆင့်သတ်မှတ်ချက်ကို ဖော်ပြတဲ့ UK Guardian University League Table 2017 မှာ Heriot-Watt University ရဲ့အဆင့်ဟာ နံပါတ် (၂၇) နေရာရရှိထားပြီးတစ်ကမ္ဘာလုံးရှိအကောင်းဆုံး တက္ကသိုလ်များစာရင်းမှာ အဆင့် ၃၂၇ (QS, World 2016/17) ရရှိထားပါတယ်။ နိုင်ငံတကာမှာလည်း ပညာရေး အရည်အသွေးကောင်းမွန်မှုကြောင့် ၂၀၀၉ ခုနှစ်မှစပြီး နှစ်စဉ်နှစ်တိုင်း Financial Times သတင်းစာ ရဲ့ပညာရေးသင်ကြားမှုအဆင့်အတန်းမြင့်မားသော တက္ကသိုလ်များစာရင်းတွင် ဖော်ပြခြင်း ခံခဲ့ရပါတယ်။




Edinburgh Business School (EBS) ဟာ Heriot-Watt University ရဲ့ဘွဲ့လွန် စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသော Faculty ဌာနတစ်ခုဖြစ်ပါတယ်။

EBS ကို ၁၉၉၇ ခုနှစ်မှာ Heriot-Watt University ရဲ့ ဘွဲ့လွန် စီးပွားရေးသင်တန်းကျောင်းအဖြစ် Professor Keith Lumsden က စတင်ခဲ့တာဖြစ်ပါတယ်။ Professor Lumsden ဟာ Professional Career တစ်ခုရှိပြီး အလုပ်လုပ်နေတဲ့ လူတွေအတွက် အလုပ်အကိုင်ကိုမထိခိုက်စေဘဲ၊ အလုပ်လုပ်ရင်း တက်ရောက်နိုင်တဲ့ MBA Programme တစ်ခု စီစဉ်သင်ကြားပေးဖို့ အကြံအစည်နဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ EBS ဟာ စတင်ခဲ့တဲ့ အချိန်ကစပြီး ကြီးထွားလာကာ လက်ရှိကျောင်းသားပေါင်း ၁၂၀၀၀ ဝန်းကျင်နဲ့ ကျောင်းသားဟောင်းပေါင်း ၁၈၀၀၀ ကျော်ရှိနေပြီ ဖြစ်ပါတယ်။ EBS ရဲ့စိတ်ကြိုက်ရွေးချယ်တက်ရောက်လို့ရတဲ့အတန်းချိန်၊ များပြားတဲ့ဘာသာရပ်များမှ ရွေးချယ်နိုင်ခွင့်တွေနဲ့ နိုင်ငံပေါင်းများစွာက ကျောင်းသားများနဲ့အတူ သင်ကြားခွင့်ရတာကြောင့် ကျောင်းသားအများစု တက်ရောက်ကြတာဖြစ်ပါတယ်။

ယခုလက်ရှိ EBS MBA Program များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံမှာ တက်ရောက်နိုင်ပြီးတက်ရောက်နေသူကျောင်းသား၊ ကျောင်းသူများမှာ Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့သြဇာအကြီးမားဆုံး ကုမ္ပဏီများ ဝန်ထမ်းများလည်း ပါဝင်ပါတယ်။

**Strategy First Institute** မှာ Edinburgh Business School (Heriot-Watt University) မှ MBA, MBA (Finance), MSc (Marketing), MSc (HRM) စတဲ့ သင်တန်းများကို ကို ၂၀၁၆ ခုနှစ် မေလကုန်ကတည်းက စပြီးသင်ကြားပေးနေတာဖြစ်ပါတယ်။ သင်တန်းကာလမှာ (၁) နှစ်ခွဲကြာမြင့်မှာဖြစ်ပါတယ်။။ MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားရပြီး လုပ်သက်အတွေ့အကြုံ (၃) နှစ်ရှိရန် လိုအပ်ပါတယ်။ အင်္ဂလိပ်စာအတွက်ကတော့ IELTS 6.5 ရရှိထားဖို့လိုအပ်ပါတယ်။ IELTS စာမေးပွဲအောင်လက်မှတ်မရှိပါက **Strategy First** မှာပဲ အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲကိုဖြေဆိုရမှာဖြစ်ပါတယ်။


The Strategy First Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Than Naing

**Senior Reporter/ Assistant Editor**
Thiha Ko Ko
Naing Naing Zaw

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# တောင်ပေါ်ရှုခင်းများနဲ့ ဘားအံ-တောင်ဝိုင်းတောင်

SFJ Team

ယခင်တစ်ပတ်ထုတ် **STRATEGY FIRST Times** မှာ သီတင်းကျွတ် ဘယ်သွားကြမလဲ ဆိုတဲ့ ခရီးစဉ်လမ်းညွှန်ကို ဖော်ပြပေးခဲ့ပြီး ယခုတစ်ပတ်မှာတော့ တန်ဆောင်တိုင်မှာ သွားရောက်လည်ပတ်ဖို့ ပြည်တွင်းခရီးစဉ်တချို့ကို လမ်းညွှန်ပေးပါရစေ။

## ဘားအံ – တောင်ဝိုင်းတောင်

Facebook မှာ သာယာရှုမျှော်ဖွယ်မဆုံးတဲ့ရှုခင်းဓာတ်ပုံတွေကြောင့်ဘားအံ – တောင်ဝိုင်းတောင် – ချစ်သူမြိုင် – လွန်းညရေပြာအိုင် ခရီးစဉ်က ခေတ်စားနေပါတယ်။ ခရီးသွားချစ်သူတို့ လက်မလွှတ်ဘဲ သွားရောက်လည်ပတ်သင့်တဲ့ ခရီးစဉ်လေးတစ်ခု ဖြစ်ပါတယ်။ ဒီခရီးစဉ်က ရက်တိုခရီးစဉ်တစ်ခုဖြစ်ပြီး သောကြာနေ့ည ထွက်မှာဖြစ်ပြီး စနေနေ့ည ပြန်ရောက်မှာ ဖြစ်ပါတယ်။

ရန်ကုန်ကနေ ဘားအံ – တောင်ဝိုင်းတောင်ဆီသို့ ရောက်ရှိချိန်မှာတော့ စိမ်းစိမ်းစိုစို ရှုခင်းတွေကို တဝကြီး ခံစားနိုင်ပြီဖြစ်ပါတယ်။ တောင်ဝိုင်းတောင်ပေါ်တက်ရင်း မြို့ပြအမောတွေကို ဖြေဖျောက်ကာ Facebook ပေါ်တင်ဖို့ Selfie လှလှတွေလေးရိုက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဘားအံမြို့အနီးရှိ သဘာဝအတိုင်း စိမ်းစိုပြာလဲ့နေတဲ့ လွန်းညရေပြာအိုင်ဆီသို့ သွားရောက်လည်ပတ်ရင်း အပန်းဖြေအနားယူနိုင်မှာ ဖြစ်ပါတယ်။ ချစ်သူမြိုင်အပန်းဖြေစခန်းမှာလည်းပျော်ပျော်ပါးပါးအပန်းဖြေအနားယူနိုင်ပါသေးတယ်။

ခရီးစဉ်အတွင်း ဘားအံမြို့မှ ရွှေရင်မျော်


photo-tangotour&trek


photo-tangotour&trek

စေတီဆီသို့ သွားရောက်ဖူးမြော်ဦးမှာဖြစ်ပြီး ရေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူဆီသို့လည်း သွားရောက်လည်ပတ်ဦးမှာ ဖြစ်ပါတယ်။ ကော့ဂွန်းဂူရှိ လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်များ၊ ထိုင်တော်မူဗုဒ္ဓ ဆင်းတုတော်များကို ဖူးမြော်နိုင်မှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်လေးမှာ မြို့ပြမှာ မွန်းကြပ်မှုတွေကိုဖြေလျှော့ပေးနိုင်ပြီးသဘာဝအလှအပတွေကို ခံစားနိုင်မယ့် ခရီးစဉ်လေးဖြစ်ပါတယ်။ ခရီးစဉ်အတွင်း ဘုရား၊ စေတီများသို့လည်း ဝင်ရောက်ဖူးမြော်ဦးမှာ ဖြစ်တဲ့အတွက် ဒေသန္တရဗဟုသုတများလည်း ရရှိစေမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ကို ကျပ် ၃၉၀၀၀ ဝန်းကျင်နဲ့ ဝန်ဆောင်မှုပေးလျက်ရှိကြပါတယ်။

## ရှမ်းပြည်တောင်ပိုင်း

တန်ဆောင်တိုင်မှာ ရှမ်းပြည်တောင်ပိုင်း ဘုရားဖူးခရီးစဉ်ကိုလမ်းညွှန်ပေးပါရစေ။ တောင်ကြီး – အင်းလေး – ကလော (၄) ညအိပ် (၅) ရက် ခရီးစဉ်ကတော့ ပြည်တွင်းခရီးသွားကြော်ငြာတွေမှာ မပါမဖြစ် တွေ့မြင်နေကျ ခရီးစဉ်ပဲ ဖြစ်ပါတယ်။ ခရီးစဉ်အတွင်း တောင်ကြီးမြို့ စူဠာမဏိဘုရား၊ ကက္ကူရွာမှ မွေတော်ကက္ကူ ရှေးဟောင်းဘုရားများကို သွားရောက်ဖူးမြော်နိုင်မှာဖြစ်ပြီး ဟိုပုံးဒေသမှ ထမ့်ဆမ်းလှိုဏ်ဂူတော်ဆီသို့လည်း သွားရောက်မှာဖြစ်ပါတယ်။ ကလော ၊ ပင်းတယဘက်သို့လည်း ခြေဆန့်ဦးမှာဖြစ်ပြီးကုံလုံဆရာတော်စေတီသို့သွားရောက်ဖူးမြော်မှာဖြစ်ပါတယ်။ ဒီခရီးစဉ်ကို ကျပ် ၁၈၀၀၀၀ ဝန်းကျင်နဲ့ ခရီးသွားကုမ္ပဏီတွေက ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။

## တောင်ပေါ်ခရီးစဉ်များ

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်တဲ့ အတွက် တောင်ပေါ်တောင်တန်း adventure ခရီးစဉ်တွေကို ကြိုက်နှစ်သက်သူတွေအတွက်လည်း ခရီးစဉ်တွေကို ကြိုဆိုစောင့်မျှော်လျက်ရှိပါတယ်။ တန်ဆောင်တိုင်မှာ တောင်ပေါ်ရှုခင်း အလှအပတွေ ခံစားလိုသူတွေအတွက် ချင်းပြည်နယ် နတ်မတောင် ခရီးစဉ်နဲ့ တောင်ငူ – သံတောင်ခရီးစဉ်များလည်းကျန်ပါသေးတယ်။ သဘာဝအလှအပကို ခံစားနှစ်ခြိုက်ကြသူတွေအတွက် ပိတ်ရက်တွေအတွင်း သွားရောက်အပန်းဖြေနိုင်ပါတယ်။

## Human Resources Management Batch 11-03 မှ ကျောင်းသား၊ ကျောင်းသူများပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်လှူဒါန်း

Human Resources Management Batch 11th(11-03) rSuif o;aumif olrsm; [myclrD, faumufwefrS&Sef ydvufbkef;awmfuD ifynma&;aumif oD;tmufwbm (30)&ufaeY om;a&mufcyD&maw;fxHrSuif tkwfH wpfcyf twuft vSi (2) oef;fuyf ynma&;e0ur® vSi (4) oef;cuyfuk um;chyDef ydvufpwifwnf axmifzpf om;a&mufvSefchw , f bkef;awmfuD ykH;ukwnf&Sfychw , f"r®etjzpf aumif&Suifom;aumifolrsm; twuf w&m;tacrm;ukwnfq&mawmf Sy;tyf vnftm[m&'etjzpfESrm; vSefchw , f vkfyfw , f q&mawmfDDDD axmif chw , f om;a&mufcwhaumifom; xm;whk@A'eYdfcrfa&;0 , m0fukwnf rm;ukwnfq&mawmfSo0'rm; rel Y om;a&mufavhvmum idfcrfa&;apwD awmfukwnfaumifom;rm;twlwu 0ifa&mufzlajrmfchuyw , f t jyetf&DS a½Tnf Resort ukdifa&mufvnfywfchuyw , f











in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

### သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study











# SIGNATURE M.B.A

## December Intake

- သင်တန်းများ ဒီဇင်ဘာလတွင် စတင်ပါမည်။
- Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International Universities သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းကျော်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။


#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#239, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar


**Apply now: (09) 450177770**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

# တန်ဆောင်မုန်းလပြည့်နေ့

SFJ Team

တန်ဆောင်မုန်းလပြည့်နေ့ဟာ ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ပြီး နှစ်စဉ်လပြည့်နေ့မှာတန်ဆောင်တိုင်ပွဲတော်ကို ကျင်းပကြပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ဟာမြတ်စွာဘုရားရှင်ကအဇာတသတ်မင်းကြီးနဲ့ ပရိသတ်အပေါင်းကို သာမညဖလသုတ်တော်ခေါ် ရဟန်းပြုရ အကျိုးပြတရားတော်ကို ဟောကြားတော်မူသောနေ့ဖြစ်ပြီး လပြည့်နေ့မှာ ဗုဒ္ဓဘာသာဝင်များက ဆီမီးများနဲ့ ထွန်းညှိပူဇော်ကြပါတယ်။

အဇာတသတ်မင်းကြီးက ထီးနန်းရယူလိုမှုနဲ့ ဖခင်ရင်းကို သတ်ဖြတ်ခဲ့သူဖြစ်ပြီး အဆိုပါအမှားကို နောင်တရပြီး တန်ဆောင်မုန်းလပြည့်နေ့မြတ်အချိန်အခါမှာ ရဟန်းသာမဏေများထံ ဆည်းကပ်လိုခဲ့ပါတယ်။ အဇာတသတ် မင်းကြီးက မင်းချင်းများကို တိုင်ပင်ရာမှာ ဆေးဆရာဇီဝက ,ကမြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်များကို ပြောဆိုပြီး သူရဲ့ဥယျာဉ်မှာ သီတင်းသုံးလျက်ရှိတယ်လို့ မင်းကြီးထံ လျှောက်တင်ခဲ့ပါတယ်။ ဆေးဆရာဇီဝကရဲ့လျှောက်တင်မှုကြောင့်အဇာတသတ်မင်းကြီးက ညတွင်းချင်း ဆရာဇီဝကရဲ့ ဥယျာဉ်သို့ ကြွချီတော်မူပြီး မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပူဇော်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်က သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့ပါတယ်။ အဇာတသတ်မင်းကြီးက သာမညဖလသုတ်တော်ကို ကြားနာရချိန်မှ စတင်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာပြီးပုထုဇဉ်



များအနက် ရတနာသုံးပါးကို အကြည်ညိုဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်လာပါတယ်။

တန်ဆောင်မုန်းလအခါသမယမှာ ကထိန်သင်္ကန်းများကို ရဟန်းသာမဏေများထံ ဗုဒ္ဓဘာသာဝင်များက ဆက်ကပ်လှူဒါန်းကြပါတယ်။ ဇေတဝန်ကျောင်းတော်မှာ ဘုရင်းရှင် သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးနဲ့ ညီနောင်ရဟန်းသုံးကျိပ်တို့က ဘုရားရှင်ကိုဖူးမျှော်ခွင့်ရရှိဖို့အတွက် လာရောက်ခဲ့ကြပါတယ်။ ဘုရားရှင် ရှေ့မှောက်ရောက်ရရှိချိန်မှာ ဘုရားရှင်ခွင့်ပြုထားသော သင်္ကန်းများမှာ စိုညစ်နေပြီးဖြစ်တဲ့အတွက်ရဟန်းတို့ရဲ့ပင်ပန်းဆင်းရဲမှုကို အကြောင်းပြုပြီး ကထိန်သင်္ကန်းကပ်လှူခြင်းကို ခွင့်ပြုတော်မူပါတယ်။

မြန်မာနိုင်ငံမှဗုဒ္ဓဘာသာဝင်များကတန်ဆောင်မုန်းလမှာ မသိုးသင်္ကန်းရက်လုပ်ပူဇော်သောပွဲတော်များကို ကျင်းပလေ့ရှိကြပါတယ်။ မသိုးသင်္ကန်းမှာနေ့မကူးစေဘဲတစ်ရက်အတွင်းအပြီးရက်လုပ်သော သင်္ကန်း ဖြစ်ပါတယ်။

တန်ဆောင်မုန်းလပြည့်နေ့မှာ နက္ခတ်ကြယ်များအစုံအလံထွန်းလင်းတောက်ပပြီး ဆေးပေါင်းခသည်လို့မြန်မာလူမျိုးများယုံကြည်ကြကာ ရှေးတိုင်းရင်းဆေးဆရာကြီးများက ဆေးဝါးများကို ဖော်စပ်လေ့ရှိကြပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ညမှာ မြန်မာလူမျိုးများက မယ်ဇလီဖူးကို သုပ်စားလေ့ရှိကြပါတယ်။ တန်ဆောင်မုန်းလမှာကျင်းပတဲ့တောင်ကြီးတန်ဆောင်တိုင် မီးပုံးပွဲတော်ကလည်း ထင်ရှားတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။

■

FrieslandCampina

(1) Marketing Manager

**Key Responsibilities**

- To develop, establish and maintain marketing strategies to meet organizational objectives. Effective management of the marketing, advertising and promotional activities of the organization

**Competency Requirements**

- Business or marketing-related degree
- Minimum 5 years of work experiences in marketing department (FMCG preferred)
- Fluent in English

(2) Distributor Sales Manager

**Key Responsibilities**

- Handling day to day operation of distributor sales operation, direct selling in key carrier accounts , solving moderately complex issue , variables to identify root cause within job area
- Ensure sales plans, key account strategies are implemented. Lead the functional teams towards the launch and promotion of the product

**Competency Requirements**

- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills , Proficiency of MS Office and English knowledge will be a bonus
- Must have valid driving license and willing to travel

(3) Nutrition Executive

**Key Responsibilities**

- Performing as a key line between medical and pharmaceutical companies and healthcare, medical marketing programs
- Monitor and evaluate government policy related to infant formula in the respective business territory
- Advise on nutrition matter to customers, visit market for product consultant and sales improvement

**Competency Requirements**

- Graduated with M.B.B.S or B.D.S
- Minimum 2 years of work experiences in same field
- Proficiency of MS Office and Good command of English

Interested and qualified candidates are encouraged to send resumes to jobs.fcmyanmar@frieslandcampina.com or MICT park, Building 18, Level 6, Hlaing Township, Yangon, Myanmar. 01-2305374/5 Ext. 122

MD မြို့တော် မဥမ္မာ



သံပြား၊ ဟင်ဂလန်၊ ဖော်လို၊ သံပိုက်၊ စီချန်နယ် နှင့် သံထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး

သံပြားဖြတ်ခေါက်ချိုးသံပန်း/သံတံခါး၊ တွန်းလှည်း နှင့် သံဒါန်း/စတီးဒါန်းလုပ်ငန်း

STRATEGY FIRST မှ ကျောင်းသား/သူများဝယ်ယူပါက (၅%) လျှော့ပေးပါမည်။

အမှတ်(၂၇၄/ဃ) ဆင်တဲလမ်းနှင့် မလွန်လမ်းထောင့်၊ စက်မှုဇုန်(၃)တောင်ဒဂုံ။
အမှတ်(၁၃/၂၂၇)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)တောင်ဒဂုံ။

: 01- 8100643, 09 - 73116190, 09 - 8635010, 09 - 5143487, 09 - 421015416

## Comments Welcome

STRATEGY FIRST INSTITUTE rS au smif om;? au smif ol rsm; tqifajyrsm; twuf q&mO;D tmicpcif (Principal) ok wkdYf½kH qufo,fwdkuf m;Edkif&ef zkef;eHygwfESifu email rsm;ukd nf;at mufwif azmjf y xm;yonf

**(09) 250 7171 66~68**

**aungchitkhin@mystrategyfirst.com**

# နိုင်ငံကိုတည်ဆောက်ရာမှာ အရေးကြီးဆုံးကပညာရေးပဲ၊ အခုနိုင်ငံတကာလုပ်ငန်းတွေလည်း ဝင်လာကြပြီဆိုတော့ ကိုယ့်မှာပြိုင်နိုင်တဲ့ အားတွေရှိဖို့လိုလာတဲ့အတွက် MBA ကိုလာတက်တာပါ။

## EBS MBA တက်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် ဦးကျော်လွင်ဦးနဲ့တွေ့ဆုံမေးမြန်းခြင်း





ယခုတစ်ပတ်ရဲ့ STRATEGY FIRST TIMES အနေနဲ့ MBA မဟာဘွဲ့သင်တန်း တက်ရောက်နေတဲ့ ကျောင်းသား၊ကျောင်းသူတွေရဲ့ MBA သင်တန်းတက်ရောက်ဖြစ်ပုံတွေ၊သင်တန်းတက်ဖို့ ပြင်ဆင်ထားခဲ့တာတွေ၊အလုပ်အကိုင်အခြေအနေတွေ၊လက်ရှိသင်တန်းတက်ရောက်ရာမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်ချက်တွေ၊ အလုပ်တာဝန်တွေနဲ့ သင်တန်းချိန်ကြားမှာ ဟန်ချက်ညီညီနဲ့ကြိုးစားနေမှုတွေ၊ ဘဝအနာဂတ် ဘဝမျှော်မှန်းချက်တွေကို သိရှိနိုင်ဖို့ အင်တာဗျူးတွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ယခုတစ်ပတ်တော့ Edinburgh Business School ရဲ့MBA အတန်းမှာ တက်ရောက်နေသူ ဦးကျော်လွင်ဦးနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

**မေး။ ။ နာမည်နဲ့ အလုပ်အကြောင်းလေး မိတ်ဆက်ပေးပါဦး။**

**ဖြေ။** ။ ကျွန်တော့်နာမည်ကတော့ ကျော်လွင်ဦးဖြစ်ပါတယ်။ EFR ( Ever Flow River ) Group of Companies ရဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ အလုပ်တစ်ခုကို လုပ်တဲ့နေရာမှာ အမြဲတမ်းတိုးတက်အောင်မြင်မှုတွေ စီးဆင်းနေမယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ကျွန်တော်တို့လုပ်ငန်းရဲ့ အဓိကဆောင်ရွက်တာကတော့ Logistic (ထောက်ပံ့ပို့ဆောင်ရေး)ကိုလုပ်ဆောင်တာပါ။ တခြားသောလုပ်ငန်းတွေလည်းရှိပါတယ်။ကုန်သွယ်ရေးလုပ်ငန်းတွေ စက်မှုလုပ်ငန်းတွေ ဟိုတယ်လုပ်ငန်းတွေ၊စိုက်ပျိုးရေးလုပ်ငန်းတွေလည်းရှိပါတယ်။ လာမယ့်နှစ်မှာတော့ အခြေခံအဆောက်အဦပိုင်းနဲ့ ပတ်သက်လို့ အတော်လေး ရင်းနှီးမြှုပ်နှံ သွားဖို့ရှိပါတယ်။ အဓိကအားဖြင့်တော့ Logistic အပိုင်းပဲပေ့ါ။ မြန်မာနိုင်ငံမှာက Logistic အပိုင်းနဲ့ပတ်သက်ပြီး အတော်လေးအားနည်းနေသေးတာကိုတွေ့နေရပါတယ်။ အစ်ကိုတို့ကလည်းဒီလုပ်ငန်းကို တစ်သက်လုံးလုပ်လာတဲ့အတွက်လည်း ကျွမ်းကျင်မှုလည်းရှိတယ်ပေ့ါ။ ရန်ကုန်၊ မန္တလေးနဲ့ တခြားမြို့ကြီးတွေမှာ ဆက်ချဲ့ပြီးတစ်နိုင်ငံလုံးအတိုင်းအတာနဲ့လုပ်ငန်း Networkကိုချဲ့ထွင်ဖို့မှန်းထားတာပါ။

**မေး။ ။ MBA တက်ဖြစ်ပုံလေးပြောပေးပါဦး။**

**ဖြေ။** ။ EFRကိုတည်ထောင်ခဲ့တာဆိုတော့အနှစ် ၂၀ ကျော်လောက်တော့ရှိပြီပေ့ါ။ အဲတုန်းကဆိုတော့အစ်ကိုတို့ကလူငယ်ပိုင်းတွေပေ့ါ၊စနစ်ကလည်းဆိုရှယ်လစ်စနစ်ကနေအရင်းရှင်စနစ်ကို သွားတဲ့အချိန် လုပ်ငန်းတွေကလည်း စနစ်အပြောင်းတွေမှာလိုက်လျောညီတွေဖြစ်ဖို့အစ်ကိုတို့လည်း စာတွေ တောက်လျှောက် ဖတ်ခဲ့ရတယ်။ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး သင်တန်းတွေလည်း တက်ခဲ့ ရတယ်။ ဆရာမတွေဆိုလည်း ဆရာမကြီးဒေါ်လှမြင့်တို့ဒေါ်စန်းစန်းလှတို့ဆီမှာ စာတွေ သင်ခဲ့ရတာပေ့ါ။ အဲကနေ လုပ်ငန်းကိုအရမ်း ကိုဖိလုပ်ခဲ့တာ၊ အခုအချိန်မှာလည်း အပြောင်းအလဲတစ်ခုက ပြန်ဖြစ်လာခဲ့တာဆိုတော့ ဒါကို လိုက်မီဖို့ စာကိုပြန်လေ့လာဖို့ လိုတယ်ဆိုပြီး ကျောင်းကိုပြန်ပြီးတက်ရတာပါ။ လူဆိုတာ အမြဲတမ်းသင်ယူနေရတာ doing and learning ဆိုသလိုပေ့ါ။အဲလိုမှပဲကိုယ်က ပြောင်းလဲလာတဲ့ အခြေအနေကိုလိုက်မီမှာပါ။ စာတွေတောက်လျှောက်ဖတ်ခဲ့ပေမယ့်အဲတုန်းကစာတွေကဒီအခြေနေနဲ့ကိုက်ညီမှုရှိရဲ့လားဆိုတာနဲ့ ပြန်ပြီးခေတ်မီအောင် လုပ်ဖို့လိုလာပါတယ်၊ ဒီလိုမှမလုပ်နိုင်ရင် အစ်ကိုတို့တွေကျန်ခဲ့မှာပေ့ါ။

**မေး။ ။ MBA မှာ EBS (Edinburgh Business School)ကိုရွေးချယ်ဖြစ်ခဲ့ပုံလေး ရှင်းပြပေးပါ။**

**ဖြေ။** ။ EBS ကိုတက်တာကတော့ရှင်းပါတယ်၊ အစ်ကို့ဆရာမတွေလည်းရှိတယ်။ စာသင်တာကိုနားထားကြတော့ဆရာမကြီးတွေကိုမေးမြန်းပြီး ဘယ်အရာကတော့ကျွန်တော်တို့တက်သင့်သလဲဆိုတာ အကြံဉာဏ်တွေ တောင်းခံရတာပေ့ါ။ ဆရာမကြီးဒေါ်လှမြင့်က ကျောင်းတွေရွေးပေးပြီးဒီEBSကသင်တဲ့ပုံစံကောသင်ရိုးတွေကလည်းကောင်းတယ်ဆိုပြီး လမ်းညွှန်ပေးခဲ့တာပါ။

**မေး။ ။ အစ်ကိုမှာ လုပ်ငန်းတွေလည်း အများကြီးရှိတော့ ကျောင်းတက်ဖို့ အချိန်တွေ ဘယ်လိုစဉ်းစားခဲ့လဲ။**

**ဖြေ။** ။ လက်ရှိကျောင်းကဖွင့်ထားတဲ့ အချိန်ကလည်း အတော်လေးအဆင်ပြေပါတယ်။ စနေဆိုလည်း နေ့လည် (၂) နာရီကနေ ည (၈) နာရီ၊ တနင်္ဂနွေကြတော့ (၉) နာရီကနေ (၂) နာရီဆိုတော့ အဆင်ပြေပါတယ်။ နိုင်ငံခြားက ကျွမ်းကျင်ဆရာတွေကိုယ်တိုင် လာသင်တာဆိုတော့ သူတို့လည်းအဆင်ပြေတယ်။ ကျွန်တော်တို့ ကုမ္ပဏီလုပ်ငန်းသမားတွေကြပြန်တော့လည်း တနင်္လာကနေ သောကြာကတစ်နေကုန်ဆိုပေမယ့် စနေက နေ့တစ်ဝက်နဲ့ တနင်္ဂနွေကပိတ်ရက်ဆိုတော့ သင်တန်းချိန်နဲ့ အလုပ်ချိန်အတွက်တော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ စာမေးပွဲဖြေဖို့ပြင်ရတဲ့ အပိုင်းတွေမှာကြတော့ ညဘက် ဟိုသွားဒီသွားရတဲ့ ဖျော်ဖြေရေးအချိန်လေးတွေ လျှော့ချရတာပေ့ါ။

**မေး။ ။ MBA မတက်ခင် အစ်ကိုရဲ့မျှော်မှန်းချက်တွေနဲ့ အခုတက်ရောက်နေတဲ့ကြားမှာ ကွာနပ်မှုရှိရဲ့လား။**

**ဖြေ။** ။ ကျွန်တော်မှာလည်း မျှော်မှန်းချက်တွေရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ (၅) နှစ်၊ (၆) နှစ်လောက်က သင်ခဲ့ ဖတ်ခဲ့တဲ့စာတွေက အခုအချိန်မှာ ဘယ်လိုမှကိုက်ညီမှုရှိတော့မှာ မဟုတ်ပါဘူး၊ အမြဲတမ်းသင်ယူနေမှပဲ ကိုယ်က update ဖြစ်တာပါ။ အခုအခြေအနေကိုပြန်ကြည့်ရင် အရင်တုန်းကစီးပွားရေးလုပ်တယ်ဆိုရင်မြန်မာနိုင်ငံသားတွေချည်းကြီးပဲနိုင်ငံခြားသားသိပ်မရှိသလိုပြိုင်ဆိုင်မှုလည်းအရမ်းကြီးမရှိလှပေမယ့် အခုအခါမှာတော့ အတော်လေး ပြောင်းလဲလာတယ်၊ ပြိုင်ဆိုင်မှုကလည်း အများကြီး ၊ နောက်မှာလည်း နိုင်ငံတကာ လုပ်ငန်းတွေလာလို့ ကိုယ်ကသူတို့နဲ့အပြိုင်လုပ်ပြီဆိုရင် ကိုယ်မှာလည်း ပြိုင်နိုင်တဲ့ အားတွေရှိဖို့လိုလာပါတယ်။ အဲအတွက် ပညာ ရေးက လျော့နေလို့မရတော့ ဒီအချိန်မှာ ကိုယ့်ဘက်က ပြန်တင်းထားနိုင်ဖို့ လိုတယ်ဆိုပြီး MBA ကိုတက်တာပါ။

**မေး။ ။ လက်ရှိအပြောင်းအလဲတွေက ပညာရပ်တွေပြန်လေ့လာဖို့ တွန်းအားပေးလိုက်တာပေ့ါ။**

**ဖြေ။** ။ အရင်တုန်းက ဒီ Logistic အပိုင်းမှာ ဈေးကွက်ကကျဉ်းတော့ နိုင်ငံတကာက မလာကြဘူး။ ပြိုင်ရတာကလည်း ပြည်တွင်း အချင်းချင်းပဲ၊အခုနိုင်ငံကဈေးကွက်ဖွင့်လိုက်ပြီဆိုတော့ နိုင်ငံတကာကလည်း အနေးနဲ့အမြန်ဆို ဝင်လာကြတော့မှာပဲ။နိုင်ငံတကာနဲ့ပြိုင်ဆိုင်မှာဆိုတော့ သူတို့မှာ အရင်းနှီးတွေ၊ နည်းပညာတွေ၊ ဈေးကွက်နဲ့ နိုင်ငံတကာချိတ်ဆက်မှုတွေ ပညာရေးနောက်ခံတွေကအစ ကိုယ့်ထက်အများကြီးသာနိုင်တယ်။အစ်ကိုတို့ပြည်တွင်းလုပ်ငန်းတွေကျတော့ အရင်းအနှီးနည်းတယ်၊ နိုင်ငံတကာအချိတ်အဆက်တွေလည်း နည်းတယ်ဆိုတော့ ရိုက်ခတ်မှုတွေကအများကြီးရှိနေတယ်။အဲတော့ ကိုယ်တွေပြန်ကြည့်ဖို့လိုတာက ပညာရေးရေချိန်၊ ဘဏ္ဍာငွေကြေးအခြေအနေ၊ အချိတ်အဆက်တွေ အားလုံးပြင်ဆင်ထားခြင်း မရှိရင်တော့ ဘယ်လောက်ပဲနိုင်ငံတွင်းမှာ အင်အားရှိနေနေ နိုင်ငံတကာနဲ့ပြိုင်တဲ့နေရာမှာ ရေရှည်ရပ်တည်ဖို့ မလွယ်ပါဘူး။

**မေး။ ။ လက်ရှိ Logistic အပိုင်းမှာ နိုင်ငံတကာက ဘယ်လောက်အထိဝင်လာပြီလဲ။**

**ဖြေ။** ။ အခုတော့ အတော်လေးလည်း ဝင်လာနေကြပါပြီ။ အစိုးရကလည်း နိုင်ငံတကာကို ဖွင့်ပေးတယ်ဆိုတဲ့နေရာမှာ တစ်ဖြည်းဖြည်းနဲ့သွားတာက ပိုလို့ကောင်းတာပေ့ါ။ အခု Logistic အပိုင်းမှာတော့ နိုင်ငံတကာက လုပ်ငန်းတွေ ဝင်လာကြပါပြီ။ Operational အပိုင်းကိုတော့ မလုပ်ကြသေးဘူး။ မြန်မာပြည်ဈေးကွက်မှာ နေရာဦးထားကြပြီပေ့ါ။ ဒီဘက်ကစီးပွားရေး တက်လာပြီဆိုတာနဲ့ သူတို့ကထပြီး လှုပ်ရှားတော့မှာဆိုတော့ပြည်တွင်းလုပ်ငန်းတွေအတော်လေးသတိထားနေရတယ်။

**မေး။ ။ အစ်ကိုအနေနဲ့ပြည်တွင်း MBA တက်ဖြစ်တဲ့ အကျိုးထူးပုံလေးရှင်းပြပါဦး။**

**ဖြေ။** ။ အရင်တုန်းက အစ်ကိုတို့နိုင်ငံမှာ ပညာရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာကိုပဲ သွားပြီးလေ့လာနေရတာ၊ အခုတော့ ဒီလိုနိုင်ငံတကာ

စာမျက်နှာ - ၉ သို့

# Excel Data Entry Techniques - Part (3)

Zin Mar Lwin
Global Link Technology













ပြီးခဲ့သောအပတ်က Auto Fill Options များထဲမှ Options (4) မျိုးအကြောင်းကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခုအပတ်မှာ ကျန်တဲ့ Optionsများထဲမှ Month, Day, Weekdays, Date များနဲ့ ပတ်သတ်တဲ့ Options များကို တင်ပြသွားပါမယ်။ ပထမ Cell တစ်ကွက်မှာ Month Name (Example - January) လို့ ရေးပြီး ကျန် Cell များကို Series ဆွဲချရင် လများအစဉ်လိုက် Series ဖြည့်ပေးသွားသည်ကိုတွေ့ရမည်။ Figure (1) ကိုကြည့်ပါ။

ထိုနည်းတူ Day များကို Monday မှ Sunday အထိ Series ဆွဲရင်လည်း Day များကို ဖြည့်ပေးပါတယ်။ Figure (2) ကိုကြည့်ပါ။

အဲဒီနည်းအတိုင်းအစဉ်လိုက် Date များကို Series ဆွဲရာ၌ Default အနေဖြင့် Date များကို အစဉ်လိုက် Series ဆွဲပေးသွားလိမ့်မည်။ Figure (3) ကိုကြည့်ပါ။

သို့ရာတွင်မိမိက Date အလိုက်မဟုတ်ဘဲ Month အလိုက် Series ဆွဲလိုရင်လည်းကောင်း၊ Year အလိုက် Series ဆွဲရင်လည်းကောင်း Fill Series Options မှ ရွေးချယ်ပြီး ပြန်ပြင်ထည့်နိုင်ပါတယ်။ Figure (4) ကိုကြည့်ပါ။

Fill Series Option ထဲမှ Fill Days, Fill Months နှင့် Fill Years Options များ အကြောင်းကို အောက်တွင် အသေးစိတ်ရှင်းပြသွားပါမယ်။

Fill Days – ပထမ Cell တစ်ကွက်မှာ ရေးထားတဲ့ Date ကို ကျန် Cell များမှာ Series ဆွဲလိုက်တဲ့အခါ Date များကို အစဉ်လိုက် Series ဆွဲပေးသွားမယ်။

Fill Weekdays - Date ကို Cell များမှာ Series ဆွဲရာတွင် (Sat, Sun) Weekdays ဖြစ်တဲ့ Date တွေကိုမပါဘဲ (သို့) ကျော်ပြီး Series ဆွဲပေးသွားပါမယ်။

Fill Months – Series ဆွဲရာမှာ Date တွေကို အသေထားပြီး Month ကိုအစဉ်လိုက် Series ဆွဲလိုတဲ့အခါသုံးနိုင်ပါတယ်။

Fill Years – Series ဆွဲရာမှာ Date နဲ့ Month များကိုအသေထားပြီး Year ကို အစဉ်လိုက် Series ဆွဲလိုတဲ့အခါသုံးနိုင်ပါတယ်။

## စာမျက်နှာ - ၈ မှအဆက်

အဆင့်မီလာတဲ့ကျောင်းတွေ၊ သင်တန်းတွေက ရှိလာပြီဆိုတော့ ဒီမှာပဲတက်ဖြစ်တော့ အလုပ်မပြတ် အခြေမပျက်လေးသွားလို့ ရတာပေါ့။ နိုင်ငံခြားသွားရင်အချိန်ကုန်တယ်၊ ငွေကုန်တယ်။ နောက်ပြီးဒီမှာလာဖွင့်တဲ့ကျောင်းတွေကလည်း နိုင်ငံတကာက လာကြတာဆိုတော့ သိပ်ပြီးကွာတာမှမဟုတ်တော့ဒီမှာကပိုပြီးအခွင့်အလမ်းသာတယ်လို့မြင်ပါတယ်။

**မေး။ ။ လက်ရှိကျောင်းတက်နေတဲ့အချိန်မှာ ဘာအခက်အခဲတွေရှိနေလဲ။**

**ဖြေ။** ။ အခုအချိန်အထိ ဘာအခက်အခဲမှ မရှိပါဘူး။ လက်ရှိ ကျွန်တော်တို့ သင်နေတာကလည်း Account၊ Marketing၊ Economics ဆိုပြီး Module က (၃) ခုပဲရှိပါသေးတယ်။ စားမေးပွဲဖြေတဲ့အပိုင်းမှာ ကိုယ်က စိတ်ပါတဲ့ ဘာသာရပ်ဆိုရင်တော့ ပိုပြီးဖြေနိုင်တာပေါ့၊ ကိုယ်နဲ့အနည်းငယ်စိမ်းတဲ့ဘာသာရပ်ကြတော့ အားစိုက်ရတာပေါ့။ ဒါပေမဲ့ အလုပ်တစ်ဖက်နဲ့ တက်ရတာဆိုတော့ အချိန်ကအတော်လေးကို ဖဲ့ယူနေရပါတယ်။ ကျန်တဲ့သင်ကြား သင်ယူမှုအပိုင်းတော့ သိပ်ပြီးလည်းအခက်အခဲမရှိပါဘူး၊ ဘယ်အရာမဆို လေ့လာမယ်ဆိုရင် အဆင်ပြေသွားမှာပဲ။ အခုရက်တွေဆို အပြင်ဘက်မှာ စီးပွားရေးနဲ့ပတ်သက်ပြီး အပြောင်းအလဲတွေရှိနေတယ်။ အစ်ကိုကလည်း ကျောင်းနဲ့ပတ်သက်ပြီးလည်း လှုပ်ရှားရသေးတယ်ဆိုတော့ အချိန်ကတော့အကျပ်အတည်းလေးရှိတာ အဲလောက်ပါပဲ။

**မေး။ ။ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ကော MBA ကျောင်းသားတစ်ယောက်အနေနဲ့ကော လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ပညာရေးကို ဘယ်လိုမြင်လဲဗျ။**

**ဖြေ။** ။ ဒါကတော့ အတော်လေးကို ကြီးကြီးကျယ်ကျယ်ဖြေရမယ့်ပုံစံရှိပါတယ်။ အရင်တုန်းက ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးက အာရှတစ်လွှားမှာ အတော်လေး အဆင့်မြင့်ခဲ့ပေမယ့် အခုတော့ နောက်မှာအများကြီး ကျန်ခဲ့ပါပြီ။ စီမံခန့်ခွဲမှုပုံစံအလွဲတွေကြောင့် နိုင်ငံပညာရေးစနစ်ကြီးက လုံးဝကိုထိုးကျသွားခဲ့တာ။ အရင်တုန်းက အာရှအကောင်းဆုံးကနေ ထိုးကျခဲ့ရတာကို အခုမှပြန်ပြီး တည်ဆောက်ဖို့ကတော့ အတော်လေး ရုန်းရတော့မှာပါ။ နိုင်ငံကို တည်ဆောက်တယ်ဆိုတာ အဓိကအရေးကြီးဆုံးကတော့ ပညာရေးပေါ့၊ စာတတ်တဲ့ အသိ၊ အတတ်ပညာရှင်တွေ ထွက်ပေါ်အောင် ပညာရေးက အတော်လေးကို ကောင်းဖို့လိုပါတယ်။ ပညာရေးက အဲလိုလူတော်တွေများများ မွေးထုတ်ပေးနိုင်မှပဲ တိုင်းပြည်ကလည်း တိုးတက်တော့မှာပေါ့။ အခုလုပ်ပုံတွေကြည့်လိုက်ရင် အစီအစဉ်မကျဘဲ ကြုံသလိုလုပ်နေတာတွေက သိပ်ပြီးအဆင်မပြေသလိုရေတိုပဲရပါမယ်။ ပြောချင်တာက တိုင်းပြည်ကိုတိုးတက်လိုရင် ပညာရေးကို အတော်လေးရင်းနှီးမြှုပ်နှံရပါမယ်၊ ကျန်တာတွေဖြစ်တဲ့ အရင်းအနှီးတို့ နည်းပညာတို့က အလွယ်တကူရနိုင်ပေမယ့် လူစွမ်းအားအရင်းအမြစ်တွေကတော့ ပညာရေးပေါ်မှာ အများကြီးမူတည်နေပါတယ်။ အခုအစ်ကိုတို့ဆိုလည်း စာတွေလည်းဖတ်ခဲ့တယ်။ ပညာရပ်တွေကိုလည်း တောက်လျှောက်လေ့လာခဲ့တာတောင် အခုနိုင်ငံတကာကလာတော့ အစ်ကိုတို့ဘယ်လောက်တတ်လဲဆိုတာက စကားပြောလာပြီ။ အဲတော့ပညာရေးကတိုင်းပြည်အတွက်တကယ်ကို အရေးကြီးတဲ့နေရာမှာပါ။

**မေး။ ။ လက်ရှိနိုင်ငံတကာကျောင်းတွေအပြိုင်ပေါ်လာတဲ့အပေါ် ဘယ်လိုမြင်လဲ။**

**ဖြေ။** ။ နိုင်ငံတကာကျောင်းတွေပေါ်လာတော့ အပြိုင်တွေများလာတာပေါ့။ လူလည်ကျတဲ့သူတွေပေါ်လာနိုင်သလို အမှန်ကန်လုပ်တဲ့သူတွေလည်းရှိတော့ အစ်ကိုတို့လို စာလေ့လာနေတဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ပဲ ပြောရရင်တော့ကျောင်းနဲ့ပတ်သက်တဲ့အသင်းအဖွဲ့တွေပေါ်သင့်ပြီလို့ မြင်ပါတယ်။ အစိုးရနဲ့ ဒီကနိုင်ငံတကာကျောင်းတွေနဲ့ မဟာဗျူဟာကျကျ လမ်းပြမြေပုံတွေရေးဆွဲပြီး အဲဒီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းရင် အတော်ကို ပြည့်စုံတဲ့အနေထားကို ရောက်လာမယ့် နိမ့်ကျနေတဲ့နိုင်ငံပညာရေးကိုလည်းတစ်နည်းတစ်ဖုံနဲ့ မြင့်တင်နိုင်မယ်လို့ထင်ပါတယ်။ ပုဂ္ဂလိကဖြစ်တဲ့အတွက် တစ်ကျောင်းနဲ့တစ်ကျောင်း ပြိုင်လို့တော့ရတယ်။ ဒါပေမဲ့ လမ်းကြောင်းတစ်ခုပေါ်ကနေ စည်းစနစ်ကျကျ အထိန်းအကွပ်နဲ့ သွားတာမျိုးပေါ့။ လက်ရှိ ဒီလုပ်ငန်းနယ်ပယ်မှာ နိုင်ငံတော်ကပါမလာသေးတော့ ဒါကိုအကောင်အထည်ဖော်သင့်တယ်လို့ ထင်ပါတယ်။

**မေး။ ။ နိုင်ငံတကာကျောင်းတွေများလာတော့ MBA တွေ၊ ဒီပလိုမာသင်တန်းတွေကို ဘယ်လိုရွေးချယ်တက်သင့်သလဲ။**

**ဖြေ။** ။ အရှေ့စကားနဲ့ ပြန်ဆက်ရရင် ကျောင်းတွေမှာလည်း ဆိုင်ရာဘာသာရပ်အလိုက် အင်ဂျင်နီယာပဲဖြစ်ဖြစ်၊ စီမံခန့်ခွဲမှုပဲဖြစ်ဖြစ် သီးသန့်စည်းစနစ်ကောင်းကောင်း သင်ရိုးတွေကောင်းကောင်းနဲ့တည်ထောင်ထားတဲ့ကျောင်းတွေဖြစ်အောင် ဝိုင်းဝန်းလုပ်ဆောင်ဖို့လိုသလို ကျောင်းသားတွေဘက်မှာလည်း ကိုယ်သွားချင်တဲ့ လမ်းကြောင်းကို အမှန်တကယ်ရောက်နိုင်တဲ့ သင်တန်းမျိုးတွေ ကျောင်းတွေရွေးချယ်ဖို့ လိုတာပေါ့။ မိဘတွေအပိုင်းကလည်း ငါ့သားသမီးက ဆရာဝန်ဖြစ်ရမယ်၊ အင်ဂျင်နီယာဖြစ်ရမယ်ဆိုတာထက် ကိုယ်တိုင်တက်ရမယ့် ကလေးရဲ့ စိတ်ဝင်စားမှုအလိုက် ကိုယ်ကစီမံခန့်ခွဲမှုကို စိတ်ဝင်စားတာလား။ တခြား ဘယ်ဘာသာရပ်ကို အားသန်လဲဆိုတာ ချိန်ဆပြီးသွားတာ အကောင်းဆုံးပါ။ ကျောင်းတွေကိုလည်းကိုယ်နဲ့ သင့်တာကို ရွေးချယ်ပါ။

**မေး။ ။ အစ်ကိုလေ့လာဖြစ်ခဲ့တဲ့ ပညာရေးအကြောင်းလေးပြောပါဦး။**

**ဖြေ။** ။ အစ်ကိုကျောင်းပြီးတာကတော့ LL.B နဲ့ပြီးပါတယ်။ တခြားသင်တန်းတွေကတော့ အများကြီးတက်ခဲ့ရတာပေါ့။ ကိုယ်ကစီမံခန့်ခွဲမှုအပိုင်းမှာရှိတော့ဆရာတွေနဲ့အများကြီးလေ့လာခဲ့ရပါတယ်။ ဒီနေရာမှာရှိတဲ့သူတွေအတော်များများက စာဖတ်ရမယ်၊ နောက်တစ်ခုက အထွေထွေဗဟုသုတတွေအတွက်လည်းအတော်လေးလုပ်ဖို့လိုပါတယ်။ တက်ခဲ့တာတွေနဲ့ပြန်ပြောရရင် ကိုယ်ကစီမံခန့်ခွဲမှုမှာရှိနေတယ်။ သူဌေးအနေနဲ့နေပေမယ့်ကိုယ်ရဲ့Marketing Managerက ဈေးကွက်နဲ့ပတ်သက်ပြီးဆွေးနွေးအကြံပြုချက်တောင်းတာတွေ၊ အဲလိုပဲ HR Manager နဲ့ဆွေးနွေးတာတွေမှာလည်း ကိုယ်ကပြောနိုင်ဆိုနိုင်ဆွေးနွေးနိုင်အောင်တော့ အတော်လေးကို သင်ထားလုပ်ထားရတာပေါ့။ သင်ယူလေ့လာမှုကတော့ အချိန်ပြည့်လုပ်နေရတာပဲ၊ အဲဒါကို နားလိုက်တဲ့နေ့ကိုယ်ခံရတဲ့နေ့ပဲလို့မှတ်ယူထားရတယ်။

**မေး။ ။ စီးပွားရေးသီအိုရီတွေ သင်ယူဖို့ မလိုဘူးလို့ထင်တဲ့လုပ်ငန်းရှင်တချို့ကိုဘယ်လိုအကြံပြုချင်လဲ။**

**ဖြေ။** ။ ဒါကတော့ ဆရာပြောတဲ့ ဥပမာလေးနဲ့ ပြောချင်ပါတယ်။ လူနှစ်ယောက် သစ်ခုတ်တဲ့နေရာမှာပထမလူက သစ်မခုတ်ခင်အချိန်တစ်ခုပေးပြီး လွှသွေးတယ်၊ ဒုတိယလူကျတော့ သစ်ခုတ်ဖို့ကိုပဲအားသန်ပြီး လွှသွေးဖို့မေ့နေတယ်။ သတ်မှတ်ထားတဲ့ အချိန်တစ်ခု ရောက်လာတော့ ပုံမှန်လွှသွေးပြီးမှ သစ်ခုတ်တဲ့သူက သာသွားသလိုပါပဲ။ အပြင်မှာပဲကိုယ်ကလုပ်ငန်းကြီးပဲဖိလုပ်နေတယ်၊ ကိုယ်ရဲ့အတတ်ပညာ၊ အသိပညာတွေ၊ မျက်မှောက်အခြေအနေတွေကို လေ့လာအား သင်ယူအားနည်းတဲ့သူကတော့ ကျန်ခဲ့မှာပါပဲ။ လူဆိုတာ ကိုယ့်ကသွေးနိုင်လေ ထက်လေပါပဲ၊ မသွေးတဲ့သူကတော့ တုံးအနေဦးမှာပါပဲ။ အခုလိုပြိုင်ဆိုင်မှုဖြစ်လာရင်ကိုယ်က ပိုတောင်သွေးနိုင်ဖို့လိုပါတယ်။ **SFJ Team**

# Own Business Management Level 2 နှင့် 3 တန်းခွဲသစ်များဖွင့်မည်

Certificate in Own Business Management | Level 2: Manage your business နှင့် Level 3: Grow your business နိုဝင်ဘာလ (၁၆) ရက်နေ့တန်းခွဲများအတွက် စာရင်းပေးသွင်းအပ်နှံနိုင်ပါပြီ

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအတွက် သီးသန့်စီစဉ်ထားသော Certificate in Own Business Management သင်တန်းအတွက် စတင်စာရင်းပေးသွင်းအပ်နှံနိုင်ပါပြီ။

**သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ**

1.Soft Skills for Business Owners | 2. Managing Human Resources | 3.Managing Finance | 4.Managing the Markets | 5.Principles of Management | 6.Managing Manufacturing & Operation

သင်တန်းကာလမှာတစ်ပတ် (၄)ရက်၊ (၆၃) နာရီကြာမြင့်မည်ဖြစ်သည်။

Schedule - Wed,Thu, Fri (9:00 am to 12:00 pm) and Sat (9:00 am to 4:00 pm) | Starting Date - 16 November to 10 December 2016 | သင်တန်းကြေး – ၃၇၅,၀၀၀ ကျပ်




Certificate in Own Business Management | Level 3: Grow your business (45 hours) - (OBM L3 Batch 2) တန်းခွဲသစ် နိုဝင်ဘာလ (၁၇) ရက်နေ့စမည်။

**သင်ကြားပေးမည့် ဘာသာရပ်ခေါင်းစဉ်များ –**

1. Strategic Thinking & Future orientation | 2. Project Management | 3. Sustainability & CSR | 4. Strategic Brand Concepts & Growth Through Brands | 5. Creative Thinking + Blue Ocean Strategies & Innovation | 6. E-commerce | 7. Supply Chain Efficiency | 8. Competitive advantage - marketing models | 9. Marketing Research & Information System | 10. Strategic Business Plan | 11. Business Model Canvass | 12. Organizational Development

ဘာသာရပ် အားလုံးကို လုပ်ငန်းရှင်များအတွက် ခြုံမိအောင် သင်ကြားပေးပါမည်။ သင်တန်းကာလမှာ နာရီ (၄၅) ကြာမြင့်မည်ဖြစ်သည်။ Schedule - Thu, Fri, Sat (9:00 am to 12:00 pm) | 17 November to 17 December 2016၊ သင်တန်းကြေး – ၃၉၅,၀၀၀ ကျပ်

ဆရာကြီးဒေါက်တာအောင်ထွန်းသက်နှင့်အတူ ဆရာကြီး၊ ဆရာမကြီးများမှ သင်ကြားပေးသွားမည်ဖြစ်ပါသည်။

OBM L2 တက်ရောက်ပြီးသော သင်တန်းသား/သူဟောင်းများ OBM L3 တက်ရောက်လိုပါက 10% Discount ရရှိမည်ဖြစ်ပါသည်။

